# ဩစတြေးလျား၌ အလုပ်လုပ်ခြင်း



## မိမိ၏ငွေကြေး စီမံဆောင်ရွက်မှု အချက်အလက်စာရွက်

သင်ဩစတြေးလျား၌ အလုပ်လုပ်လျှင်၊ ထို့အပြင် အလုပ်ရှိနေလျှင်၊ လုပ်ခငွေရရှိပြီး၊ သင်ရသည့် လုပ်ခငွေအပေါ်တွင် ဝင်ငွေခွန်ပေးရပါမည်။

## အလုပ်အတွက် လုပ်ခရခြင်း

လုပ်ခရသည့်အခါ သင့်ဝင်ငွေရှင်းတမ်းစာရွက်ရသည်။ ဝင်ငွေရှင်းတမ်းတွင် သင့်ကို မည်မျှလုပ်ခပေးထားသည်၊ အခွန်သင်မည်မျှပေးသည်နှင့် သင်၏ သက်ပြည့်အငြိမ်းစား စာရင်းထဲမည်မျှ ထည့်ပေးသည်တို့ကို ပြထားပါသည်။

## ဝင်ငွေခွန်

ဩစတြေးလျား၌ အလုပ်လုပ်လျှင်၊ ဩစတြေးလျားအစိုးရကို သင်ဝင်ငွေခွန်ဆောင်ရသည်မှာ၊ အစိုးရက ထိုငွေများကို သုံးခြင်းဖြင့် လူ့အသိုင်းအဝိုင်းလိုအပ်ချက်များ ဖြစ်သည့် ဆေးရုံများ၊ ကျောင်းများ၊ လမ်းများနှင့် အများပြည်သူ ခရီးသွားလာရေး (ဘက်စ်ကားနှင့် မီးရထားများ) ဝန်ဆောင်မှုများကို လုပ်ကိုင်ပေးနိုင်ပါသည်။

## အခွန်ဖိုင်တွဲနံပါတ်

ဩစတြေးလျားရှိလူတိုင်းတွင် အခွန်ဖိုင်တွဲနံပါတ်ရှိပါသည်။ ဩစတြေးလျားတွင် အလုပ်လုပ်နိုင်ဖို့ သင့်တွင် အခွန်ဖိုင် တွဲနံပါတ် လိုအပ်ပါသည်။ သင့်အလုပ်ရှင်အား သင်အလုပ်စချိန်၌ သင်၏ အခွန်ဖိုင်တွဲနံပါတ်ကို ပေးရပါသည်။

## သက်ပြည့်အငြိမ်းစား ခံစားငွေ

သင်အိုမင်းလာပြီး အလုပ်မလုပ်နိုင်တော့သည့် အချိန်အတွက် ဤငွေကြေးများကို စုဆောင်းထားခြင်းဖြစ်ပါသည်။ သင့်အလုပ်ရှင်က သက်ပြည့်အငြိမ်းစား စာရင်းထဲထည့်ပေးပါသည်။

## သတိပြုပါ

- ဩစတြေးလျား၌ အလုပ်လုပ်လျှင်၊ ထို့အပြင်အလုပ်ရှိနေလျှင် သင်လုပ်ခရရှိပါသည်။
- ဩစတြေးလျား၌ အလုပ်လုပ်လျှင် ဩစတြေးလျား အစိုးရကို သင်ဝင်ငွေခွန် (ငွေ) ပေးရပါသည်။
- သက်ပြည့်အငြိမ်းစားခံစားငွေဆိုသည်မှာ သင် အသက်ကြီးရင့်ပြီး အလုပ်မလုပ်တော့သည့် အချိန်အတွက် စုထား သော ငွေဖြစ်ပါသည်။
- သင့်သက်ပြည့် အငြိမ်းစား ခံစားငွေ စာရင်းထဲသို့ သင့်အလုပ်ရှင်က ထုံးစံအားဖြင့် သင့်လုပ်ခ၏ ၉% ကို သင့် အတွက် ထပ်ဆောင်းထည့်သွင်းရပါသည်။ ထိုငွေသည် သင့်လုပ်ခအပြင် ထပ်ပေးမှု ဖြစ်ပါသည်။

## အကူအညီနှင့် အချက်အလက် နောက်ထပ်နေရာများ –

သက်ပြည့် အငြိမ်းစား ခံစားငွေ နှင့် ပါတ်သက်၍ ပိုမိုသိလိုပါက၊ MoneySmart ကွန်ယက်ဝက်ဗ်ဆိုက် **www.moneysmart.gov.au** သို့မဟုတ် ၁၃၀၀ ၃၀၀ ၆၃၀ ကိုခေါ်ပါ။

သင့်တွင် သင့်အလုပ်ရှင် နှင့် ပြဿနာများရှိလျှင်၊ သို့မဟုတ် အလုပ်သမားတယောက်အနေဖြင့် သင့်အခွင့်အရေး များ ကိုသိလိုပါက Fair Work Australia သင့်တွင် ကွန်ယက်ဝက်ဗ်ဆိုက် **www.fwa.gov.au** သို့မဟုတ် ၁၃၀၀ ၇၉၉ ၆၇၅ တွင်ဆက်သွယ်ပါ။

MONEYSMART

## မိုက်ကယ် အလုပ်အသစ်ကို စလုပ်ပါသည်

မိုက်ကယ်သည် ပြီးခဲ့သည့် သုံးလလုံး အလုပ်မရှိဘဲ ဖြစ်နေသဖြင့် သူလိုအပ်သော ပစ္စည်းများကို ဝယ်ယူရန်အတွက် စင်တာလင့် ထောက်ပံ့ငွေရယူနေခဲ့ရသည်။

ရပ်ကွက်အတွင်းရှိ အဝတ်ဆိုင်တစ်ခုမှ အရောင်းစျေးသည် လိုအပ်ကြောင်းကြော်ငြာသည်ကို သူတွေ့လိုက်သည်။ သူအလုပ်လျှောက် ပြီး လူတွေ့မေးမြန်းပြီးသည့်အခါ ယင်းအလုပ်ကို ရရှိခဲ့ပါသည်။

ယင်းနောက် သူ့အလုပ်ရှင်အသစ်ထံမှ သူ့အလုပ် အသစ်နှင့် ပတ်သက်သည့် အသေးစိတ်အကြောင်းအရာများ ပါသော စာတစ်စောင် မိုက်ကယ် ရရှိပါသည်။

စာကို မိုက်ကယ်ဖတ်သည်။ သူ့အလုပ်ရှင်၏ နာမည်မှာ ဂျက်စမစ်နှင့် ကုမ္ပဏီအမည်မှာ ဒို့အတွက်အဝတ်များ Clothes for Us ဖြစ်ကြောင်းရေးထားသည်။ စာထဲတွင် သူ့အလုပ်သည် 'အဝတ်အထည်ရောင်းသူ' ဖြစ်ပြီး၊ သူ၏ လုပ်ခနှုန်းမှာ တစ်နာရီလျှင် ၁၆ဒေါ်လာ နှင့် တစ်ပါတ်လျှင် ၂၅နာရီ အချိန်ပိုင်း လုပ်ကိုင်ရမည်ဖြစ်ကြောင်း ပါရှိပါသည်။

နှစ်ပါတ်အလုပ်လုပ်ပြီးနောက် မိုက်ကယ် ပထမလုပ်ခငွေ ရရှိသည်။ သူ့ဝင်ငွေရှင်းတမ်းလည်း ရရှိပါသည်။ သူမည်မျှ လုပ်ခရကြောင်း၊ အခွန်ဘယ်လောက်ပေးရကြောင်းနှင့် မိုက်ကယ်၏ သက်ပြည့်အငြိမ်းစား ခံစားငွေ စာရင်းထဲသို့ သူ့အလုပ်ရှင်က သက်ပြည့် အငြိမ်းစားစာ မည်မျှထည့်ပေးကြောင်း တို့ကို တွေ့ရှိနိုင်ခဲ့သည်။

သူ၏ ဝင်ငွေရှင်းတမ်းပေါ်တွင် နှစ်ပါတ်လုပ်သည့်အတွက် ဒေါ်လာ ၈၀၀ ရရှိကြောင်းနှင့် အခွန် ၈၀ဒေါ်လာ သူပေး လိုက်ကြောင်း မိုက်ကယ်တွေ့ရှိသည်။ သူ့အလုပ်ရှင်က သူ့သက်ပြည့်အငြိမ်းစားအတွက် အထူးစာရင်း တစ်ခုအတွင်း သို့ ၇၂ဒေါ်လာ ထည့်ကြောင်းလည်း သူတွေ့ရှိပါသည်။

နောက်အပါတ်၌ မိုက်ကယ်သည် သူ၏ စင်တာလင့် ထောက်ပံ့ငွေကို ရရှိခဲ့သည်။

ထောက်ပံ့ငွေ ပမာဏကို ပြင်ဆင်နိုင်ဖို့အတွက် သူ့အလုပ်အသစ်အကြောင်း စင်တာလင့်ကို ပြောပြရန် အရေးကြီး ကြောင်း မိုက်ကယ်သိပါသည်။ စင်တာလင့်ကို မပြောပြခဲ့လျှင် မိုက်ကယ်ကို စင်တာလင့်က ငွေပိုမိုများပြားစွာ ပေးမိမည်ဖြစ်၍ မိုက်ကယ်တွင် အကြွေးတင်သွားပါလိမ့်မည်။ ထိုအခါ သူတို့ကို ပြန်ဆပ်ပေးရပါမည် သို့မဟုတ် ပြဿနာ ဖြစ်လာပါမည်။

မိုက်ကယ်သည် စင်တာလင့်ကို ဖုန်းဆက်ပြီး သူ့အလုပ်အသစ်အကြောင်း ပြောပြ၍ သူ့အလုပ်ရှင်ထံမှ စာမိတ္တူကို လည်း ပို့ပေးလိုက်ပါသည်။

© ASIC 2012 all rights reserved

This page has been intentionally left blank.

© ASIC 2012 all rights reserved